BP BURMAPARTNERSHIP
မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများ

## တိုင်းရင်းသားတန်းတူရေးအတွက် ၂၀၁၅ ရွေးကောက်ပွဲကျင်းပရုံသာမက အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံပိုင်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံပိုင်း ပြုပြင်ပြောင်းလဲမှုများကိုပါ တစ်ပြိုင်နက်တည်းလုပ်ဆောင်ရန်လို

(ရန်ကုန်မြို့ - ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့) မြန်မာနိုင်ငံတွင် အများမျှော်လင့်စောင့်စားနေကြသည့် ၂၀၁၅ ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများ လုပ်ဆောင်နေကြသည့်အချိန်တွင် တိုင်းရင်းသားပြည်သူလူထုများ၏ မျှော်မှန်းချက်များ၊ စိုးရိမ်ကြောင့်ကျမှုများအား ဖြေရှင်းနိုင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်နေသည့် အုပ်ချုပ်ရေးဆိုင်ရာအဆောက်အအုံပိုင်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံပိုင်းဆိုင်ရာ အဓိကကျသည့်ပြုပြင်ပြောင်းလဲရေးများအား မမေ့လျော့ရန်လိုအပ်နေကြောင်း မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ (Burma Partnership) မှ ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဆိုထားပါသည်။

"*တိုင်းရင်းသားတန်းတူရေးကို ရွေးကောက်ပွဲမှ ဖော်ဆောင်ပေးနိုင်မလား - ၂၀၁၅ ရွေးကောက်ပွဲအပေါ် တိုင်းရင်းသားလူမျိုးစုများ၏ အမြင်သဘောထားများ တစ်စိတ်တစ်ပိုင်း စုစည်းတင်ပြချက်*" ဟုအမည်ရသည့် အစီရင်ခံစာ၌ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလူထုအသိုင်းအဝိုင်းတို့မှ ဖွင့်ဟထုတ်ဖော်ပြောဆိုခဲ့ကြသည့် ငြိမ်းချမ်းရေး၊ တိုင်းရင်းသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်စသည့် တိုင်းရင်းသားတို့၏ မျှော်မှန်းချက်များရရှိနိုင်စေရန် ၂၀၁၅ ရွေးကောက်ပွဲမှ ဆောင်ကျဉ်းပေးနိုင် မပေးနိုင်အားသုံးသပ်ဖော်ပြထားပါသည်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ အထွေထွေအတွင်းရေးမှူး စိုင်းညွန့်လွင်က "*၂၀၁၅ ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့သမိုင်းမှာ အင်မတန်အရေးကြီးတဲ့ ဖြစ်ရပ်တစ်ခုဆိုတာ သံသယရှိစရာ မဟုတ်ပါဘူး။ သို့သော်လည်း တိုင်းရင်းသားအားလုံးအတွက် နှစ်ပေါင်းဆယ်စုနှစ်ပေါင်းများစွာ နက်နက်ရှိုင်းရှိုင်း ဖြစ်တည်နေခဲ့တဲ့ အခက်အခဲအကျပ်အတည်းတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မညီမျှမှုတွေနဲ့ စစ်တပ်ရဲ့ အာဏာကြီးစိုးမှု နှစ်ရှည်ကြာခဲ့တာတွေကိုတော့ ဒီရွေးကောက်ပွဲတစ်ခုထဲက ဖြေရှင်းပေးနိုင်မှာတော့ မဟုတ်ပါဘူး။ ရွေးကောက်ပွဲနဲ့ နိုင်ငံရေးပြောင်းလဲမှုဟာ တစ်ပြိုင်နက်တည်းသွားရမယ့် ကိစ္စတွေဖြစ်ပါတယ်*" ဟုအစီရင်ခံစာမိတ်ဆက်ပွဲ၌ ပြောဆိုခဲ့သည်။

၂၀၁၅ ရွေးကောက်ပွဲအပေါ် တစေ့တစောင်းသုံးသပ်ချက်တွင် ကရင်၊ မွန်၊ ထားဝယ်၊ ပအိုဝ်း၊ ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်၊ လီဆူး၊ လားဟူ၊ ကရင်နီနှင့် အင်းသားတိုင်းရင်းသားလူထုကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများ၏ အမြင်များအား ဖော်ပြထားပါသည်။ လူငယ်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ အပါအဝင် တိုင်းရင်းသားလူမျိုးများ၏ နေရာဒေသများတွင် လှုပ်ရှားလုပ်ဆောင်နေကြသည့် အဖွဲ့အစည်းပေါင်း ၄၀ ကျော်နှင့် ၂၀၁၅ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းရင်းသားနိုင်ငံရေးပါတီ ၁၈ ခုတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့သည့် တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံ၍ ယခုအစီရင်ခံစာအား ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။

တိုင်းရင်းသားတန်းတူရေးအတွက် အဓိကအဟန့်အတားနှစ်ခုရှိနေကြောင်း မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့မှ တွေ့ရှိခဲ့ပါသည်။ ပထမအဟန့်အတားမှာ အုပ်ချုပ်ရေး ဗဟိုဦးစီးချုပ်ကိုင်မှုဖြစ်ပြီး တိုင်းရင်းသားများနှင့် ပတ်သက်သည့် အဓိကကိစ္စရပ်များဆိုင်ရာ ဆုံးဖြတ်ချက်ချပိုင်ခွင့်အာဏာအား ပြည်နယ်နှင့် တိုင်းဒေသကြီးဆိုင်ရာ

လွှတ်တော်များသို့ အနည်းငယ်မျှသာ လွှဲပြောင်းပေးအပ်ထားသည်။ တိုင်းရင်းသားတန်းတူရေးအတွက် ဒုတိယ အဟန့်အတားမှာ ပြည်ထောင်စုအဆင့်တွင် သီးသန့်ချန်လှပ်ပေးထားရသော အမတ်နေရာ ၂၅ ရာခိုင်နှုန်းမှစတင်ကာ အရေးပါသည့် ဝန်ကြီးဌာနသုံးခုအား စစ်တပ်ထိန်းချုပ်မှုအောက် ထားပေးခြင်းနှင့် အောက်ခြေအဆင့်အထိ နေ့တရွှ အုပ်ချုပ်ရေးလုပ်ငန်းများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတဆင့် ထိန်းချုပ်ထားခြင်းအထိ မြန်မာစစ်တပ်၏ လက်တံရှည်ရှည် ထိုးဖောက်ထိန်းချုပ်နိုင်ခွင့်ပင် ဖြစ်သည်။ စစ်တပ်၏ ထိုကဲ့သို့ထိထိရောက်ရောက် ထိန်းချုပ်နိုင်ခွင့် အာဏာကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အခိုင်အမာပြဌာန်းပေးအပ်ထားပြီး ထိုအခြေခံဥပဒေအား ပြင်ဆင်လိုစိတ် မရှိကြောင်းကို အနည်းငယ်မျှပင် လိုက်လျောမှုမရှိသည့် စစ်တပ်၏လုပ်ဆောင်ချက်များက အခိုင်အမာပြသနေပါသည်။

*"၂၀၁၅ ရွေးကောက်ပွဲကို အလွန်အမင်းအမွှမ်းတင် အကောင်းမြင် မျှော်လင့်နေကြတာနဲ့အမျှ ရွေးကောက်ပွဲ လုပ်ငန်းစဉ်နဲ့တစ်ပြိုင်တည်း ဖြစ်ပေါ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ ထူးခြားမှုကိုလည်း မမေ့ဖို့အရမ်းအရေးကြီးပါတယ်။ တိုင်းရင်းသား ဒေသအများအပြားမှာ လက်နက်ကိုင်ပဋိပက္ခတွေ ဆက်ဖြစ်နေတဲ့အပြင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ် လက်မှတ်ရေးထိုးရေးမှာ အားလုံးပါဝင်နိုင်မှုနဲ့ပတ်သက်ပြီး ပေါ်ပေါက်လာတဲ့ပြဿနာတွေအရပါ ဒီငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မေ့လျော့မနေဖို့ အရေးကြီးရခြင်း ဖြစ်ပါတယ်"* ဟု မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ အဖွဲ့၏ တာဝန်ခံ ဒေါ်ခင်ဥမ္မာမှ ပြောပါသည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများက ဖွင့်ဟ ထုတ်ဖော်ထားကြသည့် ရည်မှန်းချက်များသည် အခြေခံအရဆင်တူနေကြသော်လည်း ထိုရည်မှန်းချက်များရရှိရန်အတွက် လုပ်ဆောင်ကြသည့် နည်းလမ်းများမှာမူ ကွဲပြားကြပါသည်။ တိုင်းရင်းသားနိုင်ငံရေးပါတီများအတွက် နည်းလမ်းမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံအတွင်းမှ လုပ်ဆောင်နေခြင်းဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအတွက်မူ ထိုဖွဲ့စည်းတည်ဆောက်ပုံ၏ပြင်ပမှ လုပ်ဆောင်သည့်နည်းလမ်းဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲ အား အများမှမျှော်လင့်စောင့်စားနေကြသော်လည်း အစီရင်ခံစာတွေ့ရှိချက်များအရမူ ရွေးကောက်ပွဲထက် ပိုမိုအရေးမကြီး လျှင်သော်မှ တိုင်းရင်းသား ပြည်သူလူထုအများစုအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ပိုမိုစိတ်ဝင်စား အာရုံစိုက်ကြ ကြောင်းပေါ်လွင်ပါသည်။ တိုင်းရင်းသားနိုင်ငံရေးပါတီများအတွက် ၂၀၁၅ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက် ခြင်းဖြင့် ဒီမိုကရေစီယဉ်ကျေးမှုကို အားပေးမြှင့်တင်ခြင်း၊ ၎င်းတို့ပါတီများ၏ ဖွဲ့စည်းတည်ဆောက်ပုံပိုင်းအား ပိုမိုခိုင်မာ စေခြင်းတို့ကဲ့သို့ အခွင့်အလမ်းကောင်းများ ရရှိစေသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား မျက်ကွယ်ပြုကာ ရွေးကောက်ပွဲအား အလွန်အမင်း အာရုံစိုက်ပါက တိုင်းရင်းသားပြည်သူလူထုများ၏ ဆန္ဒနှင့် မျှော်မှန်းချက်များအား ဥပေက္ခာပြုရာ ရောက်သွားပါလိမ့်မည်။

*"ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ကသာ သူတို့တွေရဲ့ နေထိုင်မှုဘဝတွေကို အကျိုးပြုစေမယ့် အခြေခံအကျဆုံး နိုင်ငံရေးအပြောင်းအလဲဖြစ်ပါတယ်လို့ တိုင်းရင်းသားလူထုအသိုင်းအဝိုင်းတွေကရော တိုင်းရင်းသားနိုင်ငံရေးပါတီတွေကပါ အစီရင်ခံစာအတွက် သုတေသနလုပ်ငန်း လုပ်ဆောင်နေချိန်တလျှောက်လုံး အကြိမ်ကြိမ် ထုတ်ဖော်ပြောဆိုခဲ့ကြပါတယ်။ ဒီအချက်က ဒီမိုကရေစီရွေးကောက်ပွဲနဲ့သာမက လက်ရှိသွားနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပါ ဆက်စပ်နေပါတယ်"* ဟု မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့၏ စည်းရုံးရေးလှုံ့ဆော်ရေးနှင့်သုတေသနအရာရှိ Alex Moodie မှ ဆိုပါသည်။

အစီရင်ခံစာအတွက် ပါဝင်ဆွေးနွေးခဲ့ကြသည့် တိုင်းရင်းသား လူထုအဖွဲ့အစည်းများနှင့် တိုင်းရင်းသား ပြည်သူ လူထုများ၏ အမြင်များအပေါ်အခြေခံထားသည့် အကြံပြုတိုက်တွန်းချက်များအား တိုင်းရင်းသားအခြေပြုနိုင်ငံရေးပါတီများ

နှင့် တိုင်းရင်းသားအခြေမခံသောနိုင်ငံရေးပါတီများ၊ မြန်မာအစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများသို့ ဤအစီရင်ခံစာ၌ တင်ပြတိုက်တွန်းထားပါသည်။ အရေးအကြီးဆုံး အကြံပြုတိုက်တွန်းချက်မှာ ၂၀၁၅ ရွေးကောက်ပွဲအခြေအနေအတွက်သာ မဟုတ်ဘဲ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး ရေရှည်အနာဂတ်အတွက်ပါ တိုင်းရင်းသားပြည်သူလူထု၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဦးစားပေးလုပ်ဆောင်ရန်လိုအပ်သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အမြန်ဆုံးပါဝင်ဆောင်ရွက်ရန် တိုက်တွန်းချက် ဖြစ်သည်။

အစီရင်ခံစာအား ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ထုတ်ဝေဖြန့်ချိသည်။ ဤအစီရင်ခံစာအား မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့၏ 'ရှေ့ပြေးအသံ' မူဝါဒသုတေသန စီမံကိန်းမှရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

**အသေးစိတ်သိရှိလိုပါကဆက်သွယ်ရန်**


အောင်ခိုင်မင်း akm@burmapartnership.org ၊ (မြန်မာနှင့်အင်္ဂလိပ်ဘာသာ)၊ ဖုန်း(+၉၅) ၉၂၆၂၃၉၈၈၂၉
Alex Moodie alex@burmapartnership.org ၊ (အင်္ဂလိပ်ဘာသာ)၊ ဖုန်း (+၉၅) ၉၇၈၀၀၉၆၄၄၀